စာကောင်းပေမွန်များ တစ်ကျော့ပြန်

(မောင်ခင်မင်-ဓနုဖြူ ၏ အမှာစာ)

[၁]

မြန်မာစာညွှန့်ပေါင်းကျမ်း ၄ တွဲကို ကိုလိုနီခေတ်တွင် စာပေပညာရှင် ဆရာကြီး ဦးကျော်ထွန်းက ကြီးကြပ်ပြုစုခဲ့သည်။ ၁၉၉၀ ကျော်ကာလတွင် ထိုကျမ်းများကို စာပေပညာရှင် ၃ ဦးက တည်းဖြတ်ပေးခဲ့သည့်အပြင် ရန်ကုန်တက္ကသိုလ် မြန်မာစာပါမောက္ခ အမှူးပြုသော ဆရာ၊ ဆရာမများက မြန်မာစာညွှန့်ပေါင်းကျမ်းသစ် ၃ တွဲကို ဆက်လက်ပြုစုခဲ့သည်။ ယခု ထိုကျမ်းကို 'စိတ်ကူးချိုချိုအနုပညာ'က ထပ်မံ ပုံနှိပ်ထုတ်ဝေလိုက်ခြင်းသည် ရှားပါးနေပြီဖြစ်သော စာကောင်းပေမွန်များ တစ်ကျော့ပြန် ပေါ်ထွန်းလာရေးအတွက် အကောင်အထည်ဖော်လိုက်သော ဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။

[၂]

မြန်မာစာညွှန့်ပေါင်းကျမ်းများ ကြီးကြပ်ပြုစုခဲ့သော ဆရာကြီးဦးကျော်ထွန်း (၁၈၆၄–၁၉၃၅) သည် မြန်မာစာပေ နှံ့စပ်သော ပညာရှင်ကြီးတစ်ဦးဖြစ်သည်။ ကိုလိုနီခေတ်တွင် ရာထူးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်ခဲ့ပြီး အရေးပိုင်အဖြစ် အငြိမ်းစားယူခဲ့သည့်အတွက် 'အရေးပိုင်မင်း ဦးကျော်ထွန်း' ဟူ၍ ဝိသေသပြုလေ့ရှိကြသည်။ အစိုးရက ချီးမြှင့်သော ကျက်သရေဆောင် ရွှေစလွယ်ရမင်း (ကေအက်စ်အမ်) ဘွဲ့၊ ရန်ကုန်တက္ကသိုလ်က ချီးမြှင့်သော ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ တို့ကို ခံယူရရှိခဲ့သည်။ ဂုဠ္ဌတ္ထဒီပိကာခေါ် ကိုးခန်းပျို့ဋီကာကြီး စသည့် ကျမ်းများကို ပြုစုခဲ့သည်။ ပညာရေးဌာနက တာဝန်ပေးသည့်အတွက် ၁၉၁၆ ခုနှစ်ကစ၍ မြန်မာစာညွှန့်ပေါင်းကျမ်းများ ပြုစုရေးကို စတင်ဆောင်ရွက်ခဲ့သည်။ မြန်မာစာပေအညွှန့်အဖူးများကို အားကြိုးမာန်တက် စုဆောင်းစီစစ်ပြီးနောက် မြန်မာစာညွှန့်ပေါင်းကျမ်းများကို ပြုစုခြင်းဖြစ်သည်။ ဆရာကြီးဦးကျော်ထွန်းက အယ်ဒီတာအဖြစ် ကြီးကြပ်၍ မန္တလေး ဦးသန့်ဇင်နှင့် မော်ဘီဆရာသိန်းတို့က လက်ထောက်အယ်ဒီတာများအဖြစ် ဆောင်ရွက်ခဲ့သည်။

ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့သော မြန်မာစာပေများကို စုစည်းရာ၌ ၈၄၂ ခု (၁၄၈၁) ခု၊ အင်းဝ ဒုတိယမင်းခေါင်မတိုင်မီ ပေါ်ပေါက်လာသော စာပေများ၊ ၁၂၁၄–၁၂၇၉ (၁၈၅၂–၁၉၁၇) အတွင်း ပေါ်ပေါက်သော စာပေများအထိ ခုနှစ်သက္ကရာဇ် အစဉ်အလိုက် ကောင်းနိုးရာရာ ရွေးချယ်ကောက်နုတ်ဖော်ပြထားသည်။ စာပေများကို သီချင်း၊ ကဗျာ၊ လင်္ကာစပ် စကားပြေ၊ စကားပြေဟူ၍ ကဏ္ဍ ၄ ခုခွဲခြားပြီး ကဏ္ဍတစ်ခုစီတွင် စာပေအမျိုးအစားများ ထပ်မံခွဲခြား၍ စနစ်တကျ ပြုစုထားသည်။

မြန်မာစာညွှန့်ပေါင်းကျမ်းများကို မြန်မာကျောင်းသားများအား အင်ပိုင်ယာစိတ်ဓာတ် သွတ်သွင်းပေးရန် ရည်ရွယ်ပြုစုခြင်းဖြစ်သော်လည်း မြန်မာစာပေနယ်ပယ်တစ်ခုလုံးမှ စာကောင်းပေမွန် အညွှန့်အဖူးများကို ရွေးချယ်စုစည်းထားခြင်းဖြစ်သည့်အတွက် မြန်မာစာပေသင်ယူသော ကျောင်းသားများသာမက မြန်မာစာပေလေ့လာလိုက်စားသော သုတေသီများအတွက် တန်ဖိုးရှိလှသော စာပေဘဏ္ဍာတိုက်ကြီးဖြစ်လာရပါသည်။ မြန်မာစာပေ၏ မြင်ကွင်းကျယ်ကျယ် တစ်စုတစ်စည်းတည်း လေ့လာနိုင်သော ကျမ်းများဖြစ်ပါသည်။

[၃]

မြန်မာစာညွှန့်ပေါင်းကျမ်း ၄ တွဲကို အစိုးရပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ၁၉၆၀ ဝန်းကျင်တွင် ပထမတွဲနှင့် ဒုတိယတွဲကို ထပ်မံပုံနှိပ်ဖူးသော်လည်း တတိယတွဲနှင့် စတုတ္ထတွဲကိုမူ ထပ်မံပုံနှိပ်ခဲ့ဟန်မတူပါ။ သို့ဖြင့် မြန်မာစာညွှန့်ပေါင်းကျမ်းများသည် ရှားပါးလာပြီး စာကြည့်တိုက်များနှင့် စာအုပ်စုဆောင်းသူများထံမှာသာ ရှိတော့သည့် အခြေအနေသို့ ရောက်လာရပါသည်။

၁၉၉၀ ကျော် ကာလတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) အစိုးရလက်ထက် မျိုးချစ်စိတ်ဓာတ်ထက်သန်ရေး ပညာပြန့်ပွားလှုံ့ဆော်ရေးကော်မတီ၏ စာနယ်ဇင်းအဖွဲ့က ကောင်းနိုးရာရာ မြန်မာစာပေများကို ပြန်လည်ထုတ်ဝေခဲ့ရာ တိမ်မြုပ်ရှားပါးနေသော မြန်မာစာညွှန့်ပေါင်းကျမ်း ၄ တွဲကိုလည်း ပြန်လည်ဖော်ထုတ်ခဲ့ပါသည်။ ထိုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့် (ထီလာစစ်သူ)၏ မေတ္တာရပ်ခံတိုက်တွန်းချက်အရ မြန်မာစာပေပညာရှင်များဖြစ်သော ဦးမြင့်ကြည်က ပထမတွဲနှင့် ဒုတိယတွဲ၊ ဒေါ်မြင့်သန်းက တတိယတွဲ၊ ဦးခင်အေးက စတုတ္ထတွဲတို့ကို အသီးသီး တည်းဖြတ်ပေးခဲ့ကြသည်။ တည်းဖြတ်ရာတွင် မူလကျမ်း ၄ တွဲမှ ပုံနှိပ်အမှားများကို စိစစ်တည်းဖြတ်ခြင်း၊ မူလထုတ်နုတ်ရာကျမ်းရင်းများနှင့် တိုက်ဆိုင်ပြီး အကျအပေါက်များကို ဖြည့်စွက်ခြင်း၊ စာလုံးပေါင်းသတ်ပုံကို မြန်မာလုံးပေါင်းသတ်ပုံကျမ်း (၁၉၈၆) နှင့်အညီ ပြင်ဆင်ခြင်းတို့ကိုသာ ပြုလုပ်ခဲ့ပါသည်။ အကြောင်းအရာ အချက်အလက်များကိုမူ မူလကျမ်းပြုသူ၏ အာဘော်အတိုင်းထားပြီး မှတ်ချက်ပေးရန် လိုအပ်လျှင် အောက်ခြေမှတ်ချက်အဖြစ် ဖော်ပြပါသည်။ မူလကျမ်းများ၏ အခင်းအကျင်းကို မထိပါးစေဘဲ ကျမ်းများကို စင်ကြယ်သန့်ပြန့်စေရန် တတ်စွမ်းသမျှ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။

[၄]

မြန်မာစာညွှန့်ပေါင်းကျမ်းသစ်များ ဆက်လက်ပြုစုရန် ဦးစိုးညွန့် (ထီလာစစ်သူ)က မေတ္တာရပ်ခံ တိုက်တွန်းသည့်အတွက် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနပါမောက္ခ ဒေါ်ပိုက ကြီးကြပ်၍ မြန်မာစာဌာန ဆရာ၊ ဆရာမများက တာဝန်ခွဲဝေပြီး မြန်မာစာညွှန့်ပေါင်းကျမ်း ပဉ္စမတွဲမှ သတ္တမတွဲအထိ ကျမ်းသစ် ၃ တွဲ ပြုစုခဲ့ပါသည်။ ထိုကျမ်းများကို ၁၉၉၂–၉၃ အတွင်း ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ မူလကျမ်း ၄ တွဲတွင် မပါဝင်သေးသော ရှေးခေတ်စာပေများမှ ကောင်းနိုးရာရာများကို ခေတ်အဆက်ဆက် စုစည်းလေ့လာ၍ ရွေးချယ်ပြုစုခဲ့ကြခြင်းဖြစ်ပါသည်။ ကျမ်းပုံစံကိုမူ မူလကျမ်း ၄ တွဲ၏ အခင်းအကျင်းအတိုင်း ကဏ္ဍများခွဲထားပါသည်။

[၅]

မြန်မာစာညွှန့်ပေါင်းကျမ်း ၄ တွဲ စတင်ပေါ်ပေါက်သည်မှ ယခုဆိုလျှင် နှစ် တစ်ရာနီးပါး ရှိခဲ့ပါပြီ။ ကျမ်းသစ် ၃ တွဲ ပေါ်ပေါက်သည်မှာလည်း ယခုဆိုလျှင် နှစ် သုံးဆယ်ရှိခဲ့ပါပြီ။ ထိုသို့သော အချိန်အခါ အခြေအနေတွင် 'စိတ်ကူးချိုချိုအနုပညာ' က မြန်မာစာညွှန့်ပေါင်းကျမ်းများကို ယခုကဲ့သို့ ပြန်လည်ဖော်ထုတ်လိုက်ခြင်းမှာ မြန်မာစာပေလေ့လာမှု ကွင်းဆက်မပြတ်စေရန်အတွက် အမြော်အမြင်ကြီးသော အားထုတ်မှုတစ်ခုပင် ဖြစ်ပါသည်။

မောင်ခင်မင်(ဓနုဖြူ)
၂၆–၁၀–၂၁

မာတိကာ

○ စာကောင်းပေမွန်များ တစ်ကျော့ပြန် (မောင်ခင်မင်–ဓနုဖြူ)
○ PREFACE (ပထမအကြိမ်ထုတ်မှ) (က)
○ စာညွှန့်ပေါင်းရဲ့ ရည်ရွယ်ချက် (ဒေါက်တာသန်းထွန်း) (ဃ)
○ ဒုတိယအကြိမ် တည်းဖြတ်သူ၏ အမှာစာ (ဦးမြင့်ကြည်) (ဆ)

ပထမပိုင်း

အခန်း ၁၊ သီချင်း

ကြိုးသီချင်း

၁။ ဘယ်ဘယ်တဲ့ ဘယ်ကမ္ဘာ–ချီ၊ ဖောင်လားကြီး ၃
ကမ်းကစ္ဆာ–ချီ၊ ဖောင်ငင်ကြီး ၃
ဖျော်ဖြေလို့ နေပါရင်လေ–ချီ၊ ဖောင်ဆိုက်ကြီး ၃
၂။ ဘုန်းတောက်ပဝင်းဝင်း–ချီ ၄
၃။ ဖောင်တော်ကြိုး (၃)ပုဒ် ၄
  ၁။ ဘုံဆောင်မြင့်–ချီ ၄
  ၂။ ဧယျာမြို့–ချီ၊ ဖောင်ငင်ကြီး ၄
  ၃။ စိမ်းလဲ့ညိုပြာ–ချီ၊ ဖောင်ဆိုက်ကြီး ၅
၄။ နှန်းနှန်းထောက်စာ–ချီ၊ သိကြားဒုယင်ကြီး တရုတ်ဝန် ၅
၅။ ထွန်းလင်းတောက်ပ–ချီ၊ ဂယက်ငယ်ကြီး ၅

တျာဘွဲ့

၆။ ခါးပတ်တော်မှာ ၅
၇။ ဆိတ်စာငယ်လေ မှတ်တမဲ့ ၆

ကာချင်း

၈။ မြင်စိုင်းမြို့ဘွဲ့ ကာချင်း နှစ်ပုဒ်
  ၁။ တာဝတိံသာ–ချီ ငါးစီးရှင်ကျော်စွာ ၆
  ၂။ တစ်မောင်းတစ်မောင်း–ချီ ၎င်း ၇

အိုင်ချင်း (သုံးထောင့်အိုင်)

၉။ (၁)တိမ်မိုးငယ်မှ ဝေဝေ ၈
(၂)မဲလည်ပင်နှင့် ၈
(၃)မိကိုလွမ်းလည်း ၉

အခန်း ၂၊ လင်္ကာ

သျှိုးလိုက်ရတု

၁၀။ သိန်ကန်မိန်တွင်–ချီ ၁၃
၁၁။ နွယ်မြစ်စဉ်လာ–ချီ ၁၅

ရတု

၁၂။ ရွှေဖဝါးတော်အောက်–ချီ စတုရင်္ဂဗလ ၁၅
၁၃။ နန္ဒဝန်လျှင်–ချီ၊ ကျေးစေရတု မင်းခေါင် ၁၆

လင်္ကာ

၁၄။ သိုးကလေ–ချီ၊ ပုပ္ပားနတ်တောင်ဘွဲ့လင်္ကာ ၁၇
၁၅။ သူတည်းတစ်ယောက်–ချီ၊ အမျက်ဖြေလင်္ကာ အနန္တသူရိယ ၁၇
၁၆။ မြကန်သာ–ချီ၊ မြကန်ဘွဲ့လင်္ကာ ၁၈
၁၇။ ဆဒ္ဒန်ပြောင်မှန်–ချီ၊ နိဒါန်းလင်္ကာပေါင်း ၁၈

ကျောက်စာလင်္ကာ

၁၈။ တက်နွဲကျောင်းကျောက်စာ ၁၉

ဧချင်း

၁၉။ ရခိုင်မင်းသမီးဧချင်း အဒူမင်းညို ၂၀

အခန်း ၃၊ လင်္ကာစပ်စကားပြေ

ကျောက်စာ

၂၀။ ရတနာစေတီကျောင်း ကျောက်စာ ၂၇
၂၁။ မိဖုရားစောဥမ္မာကျောင်း ကျောက်စာ ၂၉
၂၂။ ဘွားတော်ကျောင်းကျောက်စာ ၃၀

ရာဇဝင်နှင့် ဝတ္ထု

၂၃။ ရခိုင်မင်းနှင့် အင်းဝမင်းတို့ပေးကြသည့် ရာဇသံ နှစ်ပိုဒ် ၃၁

အခန်း ၄၊ စကားပြေ

၂၄။ မာနုသိကဓမ္မသတ် ၃၅
၂၅။ အနော်ရထာမင်းသစ္စာပြု ကျောက်စာ ၃၆
၂၆။ ဓမ္မဝိလာသဓမ္မသတ် ဓမ္မဝိလာသ ၃၇
၂၇။ သံပျင်ရင်ကောင်ဘုရား ကျောက်စာ ၃၈
၂၈။ မင်းကြီးစွာစော်ကဲ အမိန့်တော် ၃၉
၂၉။ မင်းကြီးစွာစော်ကဲ ကောင်းမှုတော် ကျောက်စာ ၄၀
၃၀။ မင်းကြီးစွာ မိဖုရားကြီးကျောင်း ကျောက်စာ ၄၁

ဒုတိယပိုင်း

အခန်း ၅၊ သီချင်း

ကြိုးသီချင်း

၁။ နေရင်လဲ–ချီ၊ ပြန်ကဖက်ကြီး ၄၅
၂။ ကြိုးချင်းပေါင်း (၁၁)ပုဒ် ၄၅
  ၁။ ရွှေဘုန်းတက်ဖြာ–ချီ၊ ရေးကြိုးပေါင်း ၄၅
  ၂။ ကြိုင်မွှေးလှိုင်ပြေး–ချီ၊ ဘီလူးမဝမ်းစည်လျှံကြီး ၄၅
  ၃။ သောင်ကမ်းသောင်ကမ်း–ချီ၊ ကွန်သံလန်ကြီး ၄၆
  ၄။ ကိုယ်လုံးသာနီရောင်–ချီ၊ ကင်းပတ်ကြီးကြီး ၄၆
  ၅။ ရွှေဖောင်တော်စံခါ–ချီ၊ ကင်းကဆိုဟန်ကြီး ၄၆
  ၆။ ဝင်းဝင်းရွှေရွှေ–ချီ၊ ဇမ္ဗူသပြေသံကြီး ၄၇
  ၇။ တလဲ့လဲ့စိမ်းရောင်–ချီ၊ ရွှေပလွေအောင်ကြီး ၄၇
  ၈။ သည်မိုးပြုန်–ချီ၊ သိကြားခလုတ်ကြီး ၄၇
  ၉။ ကျော်နှံ့ဝှန်ဆူ–ချီ၊ တကောင်းဖောင်လားကြီး ၄၇
  ၁၀။ ရွှေစကြာ–ချီ၊ နဝတတ်အိုင်ချင်းကြီး ၄၇
  ၁၁။ ပေါဝန္တာ–ချီ၊ ပေါဝန္တာချင်းကြီး ၄၈

သီချင်းခံ

၃။ သံသာလေညီးညင်း–ချီ၊ မင်းရဲကျော်စွာ သီချင်းခံ ၄၈
၄။ နန်းမှန်စီ–ချီ၊ နန်းဘွဲ့သီချင်းခံ ၄၉
၅။ နတ်ပြည်ဝေယန္တာ–ချီ၊ ပြည်ဘွဲ့ညွန့်ပေါင်းသီချင်းခံ ၄၉
၆။ အမင်းမင်းခရ–ချီ၊ ဘုန်းဘွဲ့ကျေးဇူးကြီးသီချင်းခံ ၄၉

အခန်း ၆၊ လင်္ကာ

သျှိုးလိုက်ရတု

၇။ ရာဇဝသတီ–ချီ ၅၃

ရတု

၈။ အချာပဝရ–ချီ၊ တောင်တွင်းမြို့ဘွဲ့ရတု ရှင်မဟာသီလဝံသ ၅၄
၉။ နွယ်လှရိုးတံ–ချီ၊ ယန္တရားစကြာရတု ၎င်း ၅၄
၁၀။ မဏိစိန္တာ–ချီ၊ ရာဇဝသတီခန်းရတု ၎င်း ၅၅
၁၁။ မဏိဂူဟာ–ချီ၊ ပုဏ္ဏာရတု ၎င်း ၅၆
တရိုတူစွာ–ချီ၊ အဖြေရတု ရှင်မဟာရဋ္ဌသာရ ၅၆
၁၂။ ဤသို့စုံစီ–ချီ၊ ဒုတိယမင်းခေါင်ထံသွင်းရတု ရှင်မဟာသီလဝံသ ၅၇
၁၃။ အမျိုးလေးပါး–ချီ၊ ဒုတိယမင်းခေါင်ထံ
သွင်းရတု ရှင်မဟာရဋ္ဌသာရ ၅၈
၁၄။ သုစိပုဘာ–ချီ၊ စာသင်သားတို့အား ဆုံးမရတု ၎င်း ၅၈
၁၅။ မေးဖြေဖြောင့်၍–ချီ၊ ရှင်မဟာသီလဝံသသို့
ပေးသည့်ရတု ၎င်း ၅၈
၁၆။ ရှယ်ရန်ငွေ့၍–ချီ၊ မုတ္တာရွဲသီရတု ၎င်း ၅၉
၁၇။ ဝဏ္ဏပဘာ–ချီ၊ တောင့်တဲတွန့်ရတု ၎င်း ၅၉
၁၈။ အတာအတာ–ချီ၊ သိကြားတိုင်ရတု ၎င်း ၆၀
၁၉။ ဘူမိပါလ–ချီ၊ ရာဇဝသတီခန်းရတု ၎င်း ၆၀
၂၀။ အောင်ဇေယျတု–ချီ၊ ရွှေစက်တော်သွား တောလား ၎င်း ၆၁
၂၁။ နှစ်ကူးလည်၍–ချီ၊ ရခိုင်ပြည်မှ တမ်းတရတု ၎င်း ၆၃
၂၂။ စက်ဆယ့်နှစ်လီ–ချီ၊ တောလားရတု ရှင်ဥတ္တမကျော် ၆၃
၂၃။ စက်ရှင်ပတ်လည်–ချီ၊ ဘုရားတိုင်ရတု နဝဒေး ၆၅
၂၄။ ယုက်လျှံမှောင်လည်–ချီ၊ ဘုရားတိုင်ရတု ၎င်း ၆၆
၂၅။ ဆယ့်နှစ်ခွေလျှင်–ချီ၊ ဘုရားတိုင်ရတု ၎င်း ၆၇
၂၆။ မြတ်လှအခေါင်–ချီ၊ ဘုရားတိုင်ရတု ၎င်း ၆၇
၂၇။ ကြာငုံ့အဟန်–ချီ၊ ဘုရားတိုင်ရတု ၎င်း ၆၈
၂၈။ မိုးနှင့်သာလျှင်–ချီ၊ ဘုရားတိုင်ရတု ၎င်း ၆၉
၂၉။ ရေရှင်ချမ်းကြည်–ချီ၊ ဘုရားတိုင်ရတု ၎င်း ၇၀
၃၀။ ထူးတလည်လျှင်–ချီ၊ တောလားရတု ၎င်း ၇၀
၃၁။ မြစ်ရတုလျှင်–ချီ၊ ရေလားရတု ၎င်း ၇၁
၃၂။ ဆောင်းလရက်လျှင်–ချီ၊ စစ်ရတု ၎င်း ၇၂
၃၃။ လေးဖြာခြည်ရောင်–ချီ၊ သိကြားတိုင်စစ်ရတု ၎င်း ၇၃
၃၄။ တကျူးကျူးလျှင်–ချီ၊ စစ်ရတု ၎င်း ၇၃
၃၅။ လွမ်းလျက်နေ၍–ချီ၊ စစ်ရတု ၎င်း ၇၃
၃၆။ ထစ်ရစ်ဖြိုးဝှန်–ချီ၊ သဝေမပါရတု ၎င်း ၇၄
၃၇။ ညို့ညို့ပြာပြာ–ချီ၊ အဖြည့်ခံရတု ၎င်း ၇၄
၃၈။ သို့သို့သာသာ–ချီ၊ အဖြည့်ရတု ရှင်သူရဲ ၇၄
၃၉။ မြေသင်းသြဇာ–ချီ၊ စစ်ချီရတု ၎င်း ၇၅
၄၀။ သဘောကြင်နေ–ချီ၊ စစ်ချီရတု ၎င်း ၇၅
၄၁။ တောင်တွင်းမြင်းမိုရ်–ချီ၊ ကိုယ်ရည်သွေးရတု မိညို ၇၅
၄၂။ ကျွန်းတွင်ဇမ္ဗူ–ချီ၊ ကိုယ်ရည်သွေးရတု မိဖြူ ၇၆
၄၃။ လွန်ကဲလွမ်း၍–ချီ၊ လျှောက်ရတု ရှင်ရန်အောင် ၇၆
၄၄။ မေရုဗဟို–ချီ၊ ဘုန်းဘွဲ့ရတု လှော်ကား ၃၀၀၀ မှူး ၇၇
၄၅။ ရံလျက်ခွေ၍–ချီ၊ စစ်ချီရတု ဇေယျရန္တမိတ် ၇၇
၄၆။ ခုနစ်ခွေလျှင်–ချီ၊ အင်းဝမြို့ဘွဲ့ရတု ၎င်း ၇၈
၄၇။ ပုံမျိုးမှန်၍–ချီ၊ ဆင်တော်ဘွဲ့ရတု ၎င်း ၇၈
၄၈။ နတ်တော်ဆန်း၍–ချီ၊ အင်းဝမြို့သို့ တမ်းတရတု ရှင်ထွေး နာသိန် ၇၉
၄၉။ ဥက္ကာပျံဆို ရတုပိုဒ်စုံ ငါးပုဒ် ၈၀
  ၁။ ချိန်ဆတွက်သည်–ချီ၊ မယ်ဘွဲ့ရတု ဥက္ကာပျံ ၈၀
  ၂။ တစ်သောင်းနေပြောင်–ချီ၊ ဘုရားတိုင်ရတု ၎င်း ၈၀
  ၃။ ဧကရာလျှင်–ချီ၊ ကျေးစေရတု ၎င်း ၈၁
  ၄။ မြတ်လေးကြည်လင်–ချီ၊ ကျေးစေရတု ၎င်း ၈၂
  ၅။ မယ်ဆွတ်လွမ်းစွ–ချီ၊ ကျေးစေရတု ၎င်း ၈၃
၅၀။ အထူးအထူး–ချီ၊ ရတု ၎င်း ၈၃
၅၁။ အောက်အာကာဗို–ချီ၊ မိုးဘွဲ့ရတု ၎င်း ၈၄
၅၂။ မမျှသောင်းထောင်–ချီ၊ အဖြည့်ခံရတု ထောင်သင်းမှူး+ဥက္ကာပျံ ၈၄
၅၃။ တက်ထွန်းဝင်းပြောင်–ချီ၊ ဆင်တော်ဘွဲ့ရတု ၈၅
၅၄။ ကြူးဓွန့်ရှည်၍–ချီ၊ တောလားရတု ရှင်ဇယန္တာဘိဓေ ၈၅
၅၅။ ကြူးလှရှည်၍–ချီ၊ ရေလားရတု ၎င်း ၈၆
၅၆။ ရှေးသော်မင်းခေါင်–ချီ၊ ဆင်တော်ဘွဲ့ရတု နဝဒေး ၈၇

လင်္ကာ

၅၇။ ဘူရိဒတ်လင်္ကာကြီး ရှင်မဟာရဋ္ဌသာရ ၈၈
၅၈။ ရှင်သီလဝံဆုံးမစာ ရှင်မဟာသီလဝံသ ၈၉
၅၉။ လက်သစ်တောင်တာဆုံးမစာ ရှင်မဟာရဋ္ဌသာရ ၉၃
၆၀။ ဝဲရိုက်ဝဲသွင်းလင်္ကာ ၎င်း ၉၆
၆၁။ မင်းဖားကြီးဘုန်းဘွဲ့လင်္ကာ ဝိမလအမတ် ၉၇
၆၂။ ပုဂံဘုရားများစာရင်း နားတော်သွင်းလင်္ကာ ၉၇
၆၃။ ဆင်ကြန်လင်္ကာ ရှင်မြေလှူး ၉၉

ဧချင်း

၆၄။ သခင်ထွေးဧချင်း ရှင်သူရဲ ၁၀၀
၆၅။ မင်းတရား ရွှေထီးဧချင်း လှော်ကား ၃၀၀၀ မှူး ၁၀၃
၆၆။ မင်းတရား ရွှေထီးမျိုးတော်စဉ် ဧချင်းသစ် ၎င်း ၁၀၄
၆၇။ မင်းတရား ရွှေထီးနားတော်သွင်း ဧချင်း ၎င်း ၁၀၅
၆၈။ မင်းတရားမယ်တော်ဧချင်း နဝဒေး ၁၀၇
၆၉။ နတ်ရှင်မယ်တော်ဧချင်း ဆီးကိုင်းစား ၁၀၈
၇၀။ မဟာဥပရာဇာဧချင်း တလုတ်မြို့စားသင်္ခယာ ၁၀၉
၇၁။ သခင်ကြီးဧချင်း ပယ်သူငယ်စား
ရှင်မြတ်ခေါင် ၁၁၀
၇၂။ ယိုးဒယားမိဖုရားဧချင်း နဝဒေး ၁၁၂
၇၃။ မင်းရဲကျော်စွာစုန်ဧချင်း တလုတ်မြို့စားသင်္ခယာ ၁၁၃
၇၄။ မင်းရဲနရာဧချင်း ဇေယျရန္တမိတ် ၁၁၄

ပျို့

၇၅။ ဆုတောင်းခန်းပျို့၊ ဂန္ဓာရမ္မ ရှင်မဟာသီလဝံသ ၁၁၈
၇၆။ ၎င်း၊ အမရဝတီမြို့ဘွဲ့ ၎င်း ၁၁၉
၇၇။ ၎င်း၊ သံဝေဂနိဗ္ဗိန္ဒစိန္တာခန်း ၎င်း ၁၂၃
၇၈။ လောကသာရပျို့ ကန်တော်မင်းကျောင်း
ဆရာတော် ၁၂၈
၇၉။ ပါရမီခန်းပျို့၊ ဒါနပါရမီခန်း ရှင်မဟာသီလဝံသ ၁၃၀
၈၀။ ၎င်း၊ သီလပါရမီခန်း ၎င်း ၁၃၅
၈၁။ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ ကျမ်းဦး ရှင်မဟာရဋ္ဌသာရ ၁၃၈
၈၂။ ဘူရိဒတ်ဇာတ်ပေါင်းပျို့၊ နတ်တမန်ငါးပါး ရှင်မဟာရဋ္ဌသာရ ၁၃၉
၈၃။ ၎င်း၊ မကောင်းမှုမှ ရှောင်ကြဉ်သင့်ကြောင်း ၎င်း ၁၄၂
၈၄။ ရွှေဟင်္သာပျို့ ရှင်တေဇောသာရ ၁၄၃
၈၅။ ဂါထာ ၆၀ ပျို့၊ ကာဠုဒါယီလျှောက်ခန်း ရှင်အုန်းညို ၁၄၇
၈၆။ ၎င်း၊ တောတောင်ဘွဲ့ ၎င်း ၁၄၉
၈၇။ ကိုးခန်းပျို့၊ ဟတ္ထိပါလတောထွက်ခန်း ရှင်မဟာရဋ္ဌသာရ ၁၅၀
၈၈။ ၎င်း၊ ပုဏ္ဏေးမကြီးပုဆွေးခန်း ၎င်း ၁၆၁
၈၉။ သံဝရပျို့၊ ဥပေါသထအားလျှောက်ခန်း ၎င်း ၁၆၆
၉၀။ ၎င်း၊ မင်းမှုထမ်းဝတ္တရားများ ၎င်း ၁၇၁
၉၁။ ၎င်း၊ နိဂုံးလင်္ကာ ၎င်း ၁၇၂
၉၂။ ဂမ္ဘီသာရပျို့ ၎င်း ၁၇၄
၉၃။ သုဝဏ္ဏသျှံသုဓွေးခန်းပျို့ ရှင်အဂ္ဂသမာဓိ ၁၇၇
၉၄။ သုဝဏ္ဏသျှံမြားပစ်ခန်းပျို့ ၎င်း ၁၈၀
၉၅။ သုဝဏ္ဏသျှံသစ္စာခန်းပျို့၊
  မယ်တော်ခမည်းတော်ငိုကြွေးခန်း ၎င်း ၁၈၅
၉၆။ ၎င်း၊ သစ္စာပြုကြပုံနှင့် မင်းအားဆုံးမခန်း ၎င်း ၁၉၂
၉၇။ နေမိမဂ္ဂစိုးခန်းပျို့ ၎င်း ၁၉၈
၉၈။ ပြာဋိဟာခန်းပျို့ ရှင်တေဇောသာရ ၂၀၁
၉၉။ နေမိငရဲခန်းပျို့၊ နိဒါန်း ရှင်အဂ္ဂသမာဓိ ၂၀၂
၁၀၀။ ၎င်း၊ သတ္တိတုဒန ငရဲခန်း ၎င်း ၂၀၃
၁၀၁။ ၎င်း၊ နတ်ပြည်သို့ ကြွရန် တောင်းပန်ခန်း ၎င်း ၂၀၅
၁၀၂။ နေမိဘုံခန်းပျို့ ၎င်း ၂၀၇
၁၀၃။ နဝရတ်ပျို့ ရှင်ကန္တဂုတ္တ ၂၁၀
၁၀၄။ မနော်ဟရီပျို့ နဝဒေး ၂၁၂

မေတ္တာစာ

၁၀၅။ အသင်္ခါရိက–ချီ၊ ဒုတိယမင်းခေါင်ထံသွင်း ရှင်မဟာရဋ္ဌသာရ ၂၁၃
၁၀၆။ မြင်းမိုရ်သဏ္ဌာန်–ချီ၊ ဒုတိယမင်းခေါင်ထံသွင်း ရှင်တေဇောသာရ ၂၁၃
၁၀၇။ ကန်တော်မင်းကျောင်းမေတ္တာစာ ကန်တော်မင်းကျောင်း
ဆရာတော် ၂၁၄

မော်ကွန်း

၁၀၈။ ကြားပိမ့်ကျက်သရေ–ချီ၊
  တံတားဦးတည် မော်ကွန်း ရှင်မဟာသီလဝံသ ၂၁၆
၁၀၉။ သျှိသျှားကန်တော်ဘွဲ့မော်ကွန်း ၎င်း ၂၁၈
၁၁၀။ တံတားဦးတည်မော်ကွန်း ရှင်မဟာရဋ္ဌသာရ ၂၁၉
၁၁၁။ ရွှေစာတိုင်ဆင်တော်ဘွဲ့မော်ကွန်း ရှင်ထွေးညို ၂၂၂
၁၁၂။ ဆင်တော်သန်မြန်စွာဘွဲ့မော်ကွန်း ၂၂၃
၁၁၃။ ဝတ်ရုံကျောင်းဘွဲ့ မော်ကွန်း ရှင်မဟာရဋ္ဌသာရ ၂၂၄
၁၁၄။ ရွှေနန်းတည်မော်ကွန်းနိဂုံးသံပေါက် ရှင်မဟာသီလဝံသ ၂၂၅

အခန်း ၇၊ လင်္ကာစပ်စကားပြေ

ကျောက်စာ

၁၁၅။ ရွှေနန်းကြော့ရှင် အထိန်းတော်ကျောင်းကျောက်စာ ၂၂၉

အခန်း ၈၊ စကားပြေ

၁၁၆။ ရာဇဝင်ကျော် ရှင်မဟာသီလဝံသ ၂၃၃
၁၁၇။ ပါရာယနဝတ္ထု ၎င်း ၂၃၃
၁၁၈။ ရာဇာဓိရာဇ်အရေးတော်ပုံ၊
  မှူးမတ်တို့ လိုက်နာဖွယ်စကားများ ဗညားဒလ ၂၃၈
၁၁၉။ ၎င်း၊ သန်လျင်မြို့စား အမတ်ဒိန် ၎င်း ၂၄၀
၁၂၀။ ၎င်း၊ သူရဲကောင်း မသလုံ ၎င်း ၂၄၁
၁၂၁။ ၎င်း၊ အမတ်ဒိန် ဖြာတ်ဇဘွဲ့ရခြင်း ၎င်း ၂၄၂
၁၂၂။ ၎င်း၊ ပုသိမ်တိုက်ပွဲနှင့် လဂွန်းအိန် ၎င်း ၂၄၃
၁၂၃။ ၎င်း၊ ဒေးပသွယ်ကိုတိုက်၍ဆက်သော အမတ်ဒိန် ဗညားဒလ ၂၄၄
၁၂၄။ ၎င်း၊ ဗည်းနွဲ့နှင့် ရာဇာဓိရာဇ် စီးချင်းတိုက်ပွဲ ၎င်း ၁၄၅
၁၂၅။ ၎င်း၊ သစ္စာစောင့်သော ဖြာတ်ဇ ၎င်း ၂၄၇
၁၂၆။ ၎င်း၊ ပင်းယသူကြီးနှင့် ရာဇာဓိရာဇ် ၎င်း ၂၄၈
၁၂၇။ ၎င်း၊ ပြည်တိုက်ပွဲ၌ ကြိုးပမ်းကြသောဗိုလ်များ ၎င်း ၂၅၄
၁၂၈။ ၎င်း၊ ဖြောင့်ဖြောင့်တင်လျှောက်သော စောခံခတ် ၎င်း ၂၅၆
၁၂၉။ ၎င်း၊ ဟံသာဝတီတိုက်ပွဲနှင့် သူရဲကောင်းများ ၎င်း ၂၅၇
၁၃၀။ ၎င်း၊ မြောင်းမြကိုအောင်မြင်စွာ
  ကာကွယ်သော ဖြာတ်ဇ ၎င်း ၂၅၉
၁၃၁။ ၎င်း၊ အမတ်ကောင်း ဗြိုက်နှင့် အဲငေါင်ပိန် ၎င်း ၂၆၁
၁၃၂။ ၎င်း၊ ဥပါကောင်း၊ အဲငေါင်ပိန်နှင့် သမိန်သံလိုက် ၎င်း ၂၆၃
၁၃၃။ ၎င်း၊ အသက်စွန့်၍ ထမ်းရွက်သော လဂွန်းအိန် ၎င်း ၂၆၆
၁၃၄။ ၎င်း၊ ဥပါကောင်းနှင့် မင်းလှကောင်းတို့ ထမ်းရွက်ပုံ ၎င်း ၂၆၈
၁၃၅။ ၎င်း၊ မင်းရဲကျော်စွာနှင့် စစ်ကဲတုရင်္ဂသူ ၎င်း ၂၇၂
၁၃၆။ ၎င်း၊ ဥပါကောင်းနှင့် လောက်နရဲတို့၏ လှေတိုက်ပွဲ ၎င်း ၂၇၄
၁၃၇။ ၎င်း၊ သူရဲကောင်း သမိန်ဗရမ်း ၎င်း ၂၇၄
၁၃၈။ ၎င်း၊ မင်းရဲကျော်စွာနှင့် အမတ်ဒိန် ၎င်း ၂၇၆
၁၃၉။ ၎င်း၊ သူရဲကောင်းအဲမွန်ဒယာ၏ စွန့်စားခန်း ၎င်း ၂၈၀
၁၄၀။ ၎င်း၊ အသက်စွန့်၍ တိုက်ပွဲဝင်သော မင်းရဲကျော်စွာ ၎င်း ၂၈၃
၁၄၁။ ၎င်း၊ သစ္စာစောင့်သော စလင်းစားအမတ် ၎င်း ၂၈၆
၁၄၂။ ဓမ္မစေတီမင်းအတ္ထုပ္ပတ္တိကျမ်း
  တရားစီရင်ပုံကောင်းသော အမတ်ဒိန် ၂၈၇
၁၄၃။ ၎င်း၊ အမတ်ဒိန် မြန်မာနိုင်ငံတွင် တရားစီရင်ပုံ ၂၈၉
၁၄၄။ ၎င်း၊ သီဟိုဠ်သို့ သမိန်ဗရမ်းကို သံစေလွှတ်ပုံ ၂၉၂
၁၄၅။ သထုံနယ်မွန်ရာဇဝင်၊
  သစ္စာရှိသော မိန်းမစိုး ဘိမ္မသူရမြို့စား ၂၉၆

နောက်ဆက်တွဲ

– ထင်ရှားသော စာဆိုသူတို့အတ္ထုပ္ပတ္တိ ၂၉၉
– ဝေါဟာရအဖွင့် ၃၀၆